၂၃ ကြိမ်မြောက်တနင်္ဂနွေနေ့ နိုဝင်ဘာ ၁၂ ရက် ၂၀၂၃ မာတေဦး ၂၅း၁-၁၃

ကျွန်ုပ်တို့မှာ ဘာဆီများလိုအပ်နေပါသလဲ။ သမ္မာကျမ်းထဲမှာ ဆီဆိုတာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကိုယ်စားပြု သို့မဟုတ် ရည်ညွှန်းတဲ့အမှတ်အသားတခုဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံ အပ်နှံပူဇော်ခြင်း မပြုလုပ်ဘဲ ကျွန်ုပ်တို့ရဲလုပ်ရမဲ့အရာများ ကိုယ်အားကိုယ်ကိုးနဲ့ဘဲ လုပ်နေကြတာများလား။ သနားကြင်နာခြင်း၊ သူတပါးကိုမေတ္တာထားခြင်းဆိုတဲ့ဆီ ကျွန်ုပ်တို့မှာ မရှိဘူး ဖြစ်နိုင်ပါတယ်။ သနားကြင်နာခြင်း၊ သူတပါးကိုမေတ္တာထားခြင်းဆိုတဲ့ဆီ ကျွန်ုပ်တို့မှာ မရှိဘူး ဆိုရင်လဲ သခင်ဘုရားကိုဆုံတွေ့ဘို့ဆိုတာ မဖြစ်နိုင်ဘူးဆိုပြီး ကျွန်ုပ်တို့သိရပါတယ်။ စိတ်ရှည်ခြင်းနဲ့ကိုယ်ချင်းစာနာတတ်ခြင်းဆိုတဲ့ဆီ မရှိဘူးဆိုရင်လည်း မဖြစ်ပါဘူး။ အဲဒီဆီမရှိပြန်တော့ ချစ်ခြင်းမေတ္တာနဲ့ လမ်းညွှန်ခြင်းကို လိုအပ်နေတဲ့ ကျွန်ုပ်တို့ဆီကိုလာနေတဲ့သူကို ဖြည့်ဆည်းပေးဘို့ ကျွန်ုပ်တို့မှာ ဘာမှမရှိဘဲ ဖြစ်နေပါလိမ့်မယ်။ ကျွန်ုပ်တို့မှာ အသိပညာဆိုတဲ့ဆီ သင်ကြားပြသခြင်းဆိုတဲ့ဆီမရှိတာလဲ ဖြစ်နိုင်ပါတယ်။ ကျွန်ုပ်တို့မှာ လုံလောက်တဲ့လေ့ကျင့်ခြင်းမရရှိခြင်း၊ သင့်တော်တဲ့အရည်အချင်းမရှိလို့ လိုအပ်နေရာမှာဆက်ကပ်ဘို့ မစွမ်းဆောင်ပေးတာမျိုးလဲ ဖြစ်နိုင်ပါတယ်။

သခင်ဘုရားကို လူတွေကြားမှာ တွေ့ဆုံနိုင်ပြီး ကျွန်ုပ်တို့ရဲ့အသက်တာထဲမှာဝင်ရောက်ခွင့်ပြုနိုင်ဘို့အတွက် ကျွန်ုပ်တို့ရဲ့ကျွမ်းကျင်မှုနဲ့အရည်အချင်းတွေကို ပိုပြီးတော့အဆင့်မြင့်တင်ဘို့အတွက် ဘုရားက ကျွန်ုပ်တို့ကိုဖိတ်ခေါ်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ကျေးဇူးတော်အခြေအနေမှာရှိနေခြင်းဆိုတဲ့ဆီ ကိုပိုင်ဆိုင်ကြရမှာဖြစ်ပါတယ်။ လောရှိလာမြို့က သံအီညာစီအူးရဲ့ ထင်ရှားတဲ့ ဆုတောင်းမေတ္တာတခု ကျွန်ုပ်တို့အတွက်ရှိပါတယ်-အဲဒါက-အိုသခင်ဘုရား ကိုယ်တော်ကို ပိုပြီးသိလာအောင် ပိုပြီးချစ်နိုင်အောင် ပိုပြီးကျွန်ုပ်ရဲ့အသက်တာမှာ သစ္စာရှိစွာအစေခံနိုင်အောင် သင်ကြားတော်မူပါ။ ပို၍ ပို၍ ဆိုရခြင်းက ဒီလောကမှာ ကျွန်ုပ်တို့ရဲ့ဝိညာဉ်ရေးဆိုင်ရာအသက်တာဟာ အမြဲတမ်း လုပ်ငန်းစဉ်

ပုံစံမျိုးနဲ့ တဆင့်ပြီးတဆင့်သဘောမျိုးနဲ့ သွားနေတာ တွေ့ရပါတယ်။ တချိန်ချိန်မှာ ပြီးသွားတယ် ပြည့်စုံသွားတယ် ဆိုတဲ့သဘောမျိုးမဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာတို့ ခင်မင်ရင်းနှီးမှုဆိုတာ ကျွန်ုပ်တို့ရဲ့အသက်တာမှာ ပို၍ ပို၍ ကြီးထွားလာတတ်တဲ့သဘောမျိုး ရှိပါတယ်။ သခင်ဘုရားရဲ့ ရှင်ပြန်ထမြောက်ခြင်းဟာ အမြဲတမ်းသစ်လွင်လျက်ရှိပါတယ်။ အမြဲတမ်းအသက်ရှင်လျက်ရှိပါတယ်။ ဝမ်းမြောက်ဘွယ်ရာသတင်းစကားကို ဖတ်ကြားနာယူခြင်း၊ မဿာတရားတော်နှင့် စက္ကရင်မင်တူးတွေမှာပါဝင်ခြင်း ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်ဆုတောင်းမေတ္တာ–ဒါတွေဟာ ဘုရားနဲ့လူနဲ့ ကျွန်ုပ်တို့ရဲ့ဆက်ဆံရေးကို အမြဲတမ်းအသက်ဝင်စေပါတယ်၊ အမြဲတမ်းအသစ်ဖြစ်စေပါတယ်။

ဒီနေ့ဧဝံဂေလိကျမ်းမှာ ကျွန်ုပ်တို့ကိုးကွယ်တဲ့ဘုရားဟာ မထင်မှတ်တဲ့အချိန်မှာ သူ့ရဲ့အစီအစဉ်ကို အကောင်အထည်ဖော်တဲ့ဘုရားဖြစ်ကြောင်း သိရပါတယ်။ ဘယ်လိုဘယ်ပုံ ဘယ်အချိန်ဘယ်အခါ ပေါ်လာမလဲဆိုတာ ကြိုတင်တွက်ဆလို့မရပါဘူး။ တချို့သောသူတွေအတွက် အချိန်အကြာကြီး စောင့်မျှော်နေရသလို တချို့သောသူတွေအတွက် မြန်မြန်ဆန်ဆန်နဲ့ သတိပေးခြင်းကို ခံရပါတယ်။ မိမိရဲ့ညီအစ်ကိုမောင်နှမများကို ချစ်ခြင်းနဲ့အစေခံခြင်း ဆိုတဲ့ဆီနဲ့ ပြည့်ဝနေတဲ့သူတယောက်ဟာ မင်္ဂလာဆောင်သတို့သားကြွလာပြီးဆိုတဲ့ နှိုးဆော်သံကိုကြားတဲ့အခါ ဝမ်းမြောက်ပျော်ရွှင်ခြင်းပြည့်ဝနေမှာဖြစ်ပါတယ်။

ခံစားရရှိတဲ့ကျေးဇူးတော်ကို အလွဲသုံးစားပြုတဲ့သူဟာ မင်္ဂလာဆောင်သတို့သားကြွလာပြီးဆိုတဲ့ နှိုးဆော်သံဟာ သူ့အတွက် ကြောက်ရွံ့စရာ ဖြစ်သွားပါတယ်။ သတိပညာရှိတဲ့အမျိုးသမီးငါးယောက်ဟာ သူများဆီမရှိလို့ဆီတောင်းပါတယ်ဆိုမှာ ဆီမပေးဘူးဆိုတော့ တကိုယ်ကောင်းဆန်ကြတယ်ဆိုပြီး ကျွန်ုပ်တို့တွေးကောင်းတွေးနိုင်ပါတယ်။ ဒါပေမဲ့ ဧဝံဂေလိကျမ်းရဲ့အနှစ်သာရက အရေးကြီးတဲ့အချက်ဖြစ်တဲ့ အဆင့်သင့်ဖြစ်ခြင်းကိုဘဲ သင်ကြားဘို့ဖြစ်ပါတယ်။ ဒီနေရာမှာ မရိုးသားသောအစေခံ ပုံဥပမာကိုလဲ သတိရစေပါတယ်။ ငယ်သား အစေခံတို့ရဲ့စာရင်းတွေကို ကောက်ယူပြီး သူ့ရဲ့အနာဂတ်အတွက် ပူပန်သောကမရောက်ရလေအောင် ကြိုတင်ပြင်ဆင်တာကို

သခင်ဘုရားချီးမွမ်းခဲ့တာ တွေ့ရပါတယ်။ ဆိုးတဲ့အပြုအမူကို သခင်ဘုရားက
လက်ခံအားပေးတာမဟုတ်ဘဲနဲ့ ဆိုးသွမ်းသောသူတွေတောင်
သူတို့ရဲ့အနာဂတ်အတွက် အာမခံချက်ရှိရလေအောင်
သတိပညာနဲ့စီစဉ်လုပ်ဆောင်တာကို သင်ကြားပါတယ်။

ဒီနေ့ဧဝံဂေလိကျမ်းက ပုံဥပမာကနေပြီး သိရတာက
ဆီဆိုတဲ့ချစ်ခြင်းနဲ့အစေခံခြင်းလို့ပါရမီတွေဟာ တပါးသူကိုလွှဲပြောင်းပေးအပ်လို့
မရတဲ့အရာတွေဖြစ်ပါတယ်။ သခင်ဘုရားကိုဖူးတွေ့နိုင်ဘို့အတွက်
ကျွန်ုပ်တို့ရဲ့ပြင်ဆင်ခြင်းဟာ ကျွန်ုပ်တို့ရဲ့တာဝန်ဝတ္တရားသာလျှင်ဖြစ်တယ်။
ကျွန်ုပ်တို့ရဲ့ကိုယ်စား သူတပါးတွေက ဝန်ခံဂတိပေးတာမျိုးမလုပ်ပေးနိုင်ပါဘူး။
သတိပညာမရှိတဲ့အမျိုးသမီးများ ဆုံးရှုံးသွားခဲ့တဲ့အချိန်နဲ့အခွင့်အရေးတွေအတွက်
ပြန်ပြီးပြုပြင်တဲ့အချိန်မှာ အဆင်သင့်ဖြစ်တဲ့အခြားအမျိုးသမီးတွေက
မင်္ဂလာဆောင်ခန်းမထဲကိုဝင်သွားခဲ့ကြပါတယ်။
ဝင်ပေါက်တံခါးလဲပိတ်သွားခဲ့ပါတယ်။ အါးလုံးဟာ ဖိတ်ခေါ်ခြင်းခံရပေမဲ့ အါးလုံးဟာ
အထဲကိုမရောက်သွားကြပါဘူး။ အားလုံးဟာ ဖိတ်ခေါ်ခြင်းခံရပေမဲ့
အချို့သောသူသာလျှင် ရွေးကောက်ခြင်းခံရပါတယ်။ ဒါဟာ
မင်္ဂလာဆောင်သတို့သားဘက်က မျက်နှာလိုက်တာမျိုးလုံးဝမဟုတ်ဘဲ
ဖိတ်ခေါ်ခြင်းကိုတုံ့ပြန်တဲ့အခါ လိုအပ်တဲ့ပုံစံမျိုးမဟုတ်တဲ့အခါ ကြိုဆိုခြင်းခံရခြင်းနဲ့
မထိုက်တော့ဘူးဖြစ်သွားတတ်ပါတယ်။
ဝင်ရောက်ဘို့ရန်အတွက်တံခါးပိတ်သွားတယ်ဆိုတာက
သခင်ဘုရားဆီကိုရောက်ရှိခြင်းဆိုတာ အလိုအလျောက်မဖြစ်လာပါဘူး ဒါဟာ
ဒီကနေ့ကျမ်းစာရဲ့သတိပေးချက်ဖြစ်ပါတယ်။

သခင်သခင် ကျွန်ပ်တို့ကိုဖွင့်ပေးပါ–

ထိန်လန့်စရာကောင်းတဲ့ပြန်လည်တုံ့ပြန်မှုက သင်တို့ကိုကျွန်ပ်တို့မသိ။
တနည်းအားဖြင့် ကျွန်ုပ်ရဲ့မင်္ဂလာဆောင်ပွဲတော်ကြီးမှာ သင့်ကိုပါဝင်စေလိုပါတယ်။
ဒါပေမဲ့သင်ဟာ ကျွန်ုပ်နဲ့အတူမရှိ။ သင်အိပ်ပျော်နေတယ်။ ဒါမှမဟုတ်
သင်ဟာသင့်လမ်းသင်သွားနေခဲ့ပါတယ်။

အရေးပေါ်အခြေအနေမှာ သူတပါးဆီကနေပြီးတော့
ချေးယူငှါးယူလို့ရနိုင်တဲ့အရာများစွာရှိပါတယ်။ ဒါပေမဲ့ သခင်ဘုရားကိုဆုံတွေ့နိုင်ဘို့၊
သူ့ရဲ့ဧဝံဂေလိတရားတော်ကို ကျွန်ုပ်တို့ရဲ့ဘဝမှာ အမြဲတမ်းလက်ခံနိုင်ဘို့၊
သူနဲ့ကအတူတကွလျှောက်လှမ်းဘို့ ဆိုတဲ့အရာတွေကျတော့ အခုချက်ခြင်းထပြီး
သူတပါးဆီကနေ ချေးငှားလို့ရတဲ့အရာတွေမဟုတ်ပါ။ အဲဒီအခါကျရင်
လုံးဝကိုနောက်ကျသွားပါပြီ။ ဒီကနေ့ အဲဒီ
ဘဝအတွက်လျှို့ဝှက်ချက်နဲ့အောင်မြင်ခြင်းနှင့်ဆိုင်တဲ့ ဉာဏ်ပညာရရှိဘို့အတွက်
ဆုတောင်းကြပါစို့။

ပထမကျမ်းမှာ သတိပညာကိုအမြဲတမ်း စောင့်မျှော်နေဘို့အတွက်
ကျွန်ုပ်တို့ကိုပြောပြထားပါတယ်။ သတိပညာရှိတဲ့လူဟာ သခင်ဘုရားကို
မိမိတို့ရဲ့ဘဝအသက်တာမှာ လက်ခံဘို့အတွက် အနာဂတ်အချိန်တခုအထိ
စောင့်ဆိုင်းမနေပါဘူး။ များစွာသောကျွန်ုပ်တို့ဟာ ဧဝံဂေလိတရားတော်
ကျွန်ုပ်တို့အသက်တာနေရာယူရမဲ့အစား ဘဝရှေ့ရေးတိုးတက်ဘို့အတွက်၊
များစွာသောငွေကြေးနဲ့ဥစ္စာနေရရှိဘို့အတွက်
ပိုပြီးအရေးကြီးတယ်လို့ခံယူတတ်တဲ့သဘော ရှိပါတယ်။

သတိပညာရှိတဲ့သူဟာ သခင်ယေရှုနဲ့သူ့ရဲ့လမ်းစဉ်အပေါ်မှာသာလျှင်
မိမိရဲ့ဘဝကိုတည်ဆောက်ပါတယ်။ အနာဂတ်အတွက်သာမက
ယခုဘဝအသက်တာမှာကတည်းက စတင်တည်ဆောက်ပါတယ်။
ဧဝံဂေလိတရားတော်သာလျှင် ပြည့်စုံခြင်းနှင့် ဝမ်းမြောက်ခြင်းအတွက်
အာမခံချက်ပေးတဲ့အစီအစဉ်ဖြစ်ပါတယ်။ အခြားအခြားသောအရာများဟာ
မသေချာမရေရာသော အနာဂတ်ခရီးလမ်းများဖြစ်ပါတယ်။

(အို့သခင်ဘုရား–ကျွန်ုပ်၏အတွေးအခေါ်များ၊ ရည်ရွယ်ချက်များ၊
ပြုမူဆောင်ရွက်မှုများ၊ ပြန်လည်တုံ့ပြန်မှုများအား
ကိုယ်တော်၌ချစ်ခြင်းနှင့်ကိုယ်တော်ကိုအစေခံခြင်းဆီသို့သာလျှင်
ဦးတည်သောအရာများ ဖြစ်စေတော်မူပါ)